EAST-WEST SEED



# စိုက်ဘောင်ဖုံးအုပ်စိုက်ပျိုးခြင်း နည်းပညာလမ်းညွှန်




MYANMAR

## • မြေပြုပြင်ခြင်း



ထွန်စက် (သို့ ) ကျွဲ နွား တို့ ကိုအသုံးပြု၍ ထယ်ရေးနက်နက်ဖြင့် ၂-၃ ကြိမ် ထယ်ထိုးထွန်မွှေပေးပါ။




နွားချေးနှင့်မြေသြဇာတို့ ကိုရောမွှေ၍ စိုက်ဘောင်ကိုကောင်းစွာ ပြင်ဆင်ပါ။



ရေကောင်းစွာ လောင်းပါ။



စိုက်ဘောင်မြေညှိပါ။



လေပူခိုအောင်းခြင်း မရှိစေရန် မြေစိုင်ခဲကြီးများကို ထုချေခြင်း (သို့ ) ဖယ်ရှားခြင်းပြုလုပ်ပါ။

ကောင်းစွာမြေပြုပြင်ထားပါက ဖုံးအုပ်ထားသောပလပ်စတစ်ဖြင့် ၃ သီးဆက်တိုက်စိုက်ပျိုးနိုင်သည်။

## • ပလပ်စတစ်ဖုံးအုပ်ခြင်း




ငွေမှင်ရောင်ဘက်အခြမ်းအား
အပေါ်ဘက်မှထား၍ဖုံးအုပ်ပါ။




» ပလပ်စတစ်တင်းစေရန်လက်ဖြင့်ဆွဲ၍ မြေဖြင့်ဖိပါ။
» ပလပ်စတစ်အောက်တွင် လေပူများခိုအောင်းခြင်း
မရှိစေဘဲ ပြန့်ပြူးတင်းရင်းအောင် ပြုလုပ်ပါ။
» ပလပ်စတစ်တင်းစေရန်လက်ဖြင့်ဆွဲ၍ မြေဖြင့်ဖိပါ။



အပင်ကြား အကွာအဝေးအလိုက်
အပေါက်များဖောက်ပြီးပါက
ရွှေ့ စိုက်ရန် ပြင်ဆင်ပြီး
ဖြစ်သည်။





လေပူများ မထွက်ရှိလာစေရန်
စိုက်ကျင်းအဝတွင်
ကောက်ရိုးဖြင့်ဖုံးပေးပါ။











## အကျိုးကျေးဇူးများ

- မိုးတိုက်ရိုက်ထိမှန်မှုမှ ကာကွယ်ပေးသည်။
- မြေဆီလွှာ သိပ်သည်းမှုကိုကာကွယ်ပေးသည်။
- မြေအစိုဓာတ်ကို ထိန်းသိမ်းပေးသည်။
- ရေဝပ်မှုကို လျော့နည်းစေသည်။
- မြေသြဇာများစီးပျော်မှု လျော့နည်းစေသည်။
- မြေဆီလွှာတိုက်စားမှု လျော့နည်းစေသည်။
- ပေါင်းပေါက်ရောက်မှု လျော့နည်းစေသည်။
- စုပ်စားပိုးများကျရောက်မှု လျော့နည်းစေသည်။
- အပင်ရှင်သန်ကြီးထွားမှု ပိုမိုကောင်းမွန်စေသည်း
- ၃ ရာသီဆက်တိုက် အသုံးပြုနိုင်သည်။

## စိန်ခေါ်မှုများ

- ကနဦး ကုန်ကျစရိတ်ရှိခြင်း။
- မြေဆောင်မှိုနှင့် ဘက်တီးရီးယားရောဂါများကို ပိုမိုဆိုးဝါးစေသည်။
- သဘာဝန်းကျင်ထိန်းသိမ်းမှုရှုထောင့်အနေဖြင့်ပလပ်စတစ်များကိုစနစ်တကျ စနစ်ကျ စွန့်ပစ်ပါ။

## • အခြားနည်းလမ်းအနေဖြင့် ကောက်ရိုးဖုံးအုပ်စိုက်ပျိုးခြင်း



ကောက်ရိုးအထူ ၄ လက်မထု (ရေလောင်းပြီးနောက်) ထားရှိဖုံးအုပ်ပါ။



ပျိုးပင်များစိုက်ရန်အတွက် အဝကျယ်သော ကျင်းများပြုလုပ်ပါ။





### အကျိုးကျေးဇူးများ

» ပူပြင်းသောရာသီတွင် မြေကြီးကို အအေးဓာတ်ရရှိစေသည်။
» အစိုဓာတ်ထိန်းသိမ်းထားနိုင်သည်။
» မိုးရေတိုက်ရိုက်ထိမှန်မှုမှ ကာကွယ်ပေးသည်။
» မြေသြဇာဆုံးရှုံးမှု လျော့နည်းစေသည်။
» ပေါင်းပေါက်ရောက်မှုလျော့နည်းစေသည်။
» မြေဆီလွှာဖွဲ့ စည်းတည်ဆောက်မှု ပိုမိုကောင်းမွန်စေသည်။
» မြေသိပ်သည်းမှုလျော့နည်းစေသည်း။
» အပင်ရှင်သန်ကြီးထွားမှု ပိုမိုကောင်းမွန်စေသည်။
» အသီးများမြေကြီးနှင့်မထိတွေ့စေပါ။

### စိန်ခေါ်မှုများ

» အစိုဓာတ်များလွန်းချိန်တွင် ကောက်ရိုးများနှင့် ပင်စည်ထိစပ်နေပါက ပုပ်ရိုနိုင်ပါသည်။
» ကြွက်၊ ကြွက်တို့ မှ နှောက်ယှက်ဖျက်ဆီးမှု ခံရနိုင်သည်။
» ပိုးမွှား ရောဂါတို့ ကျရောက်ဖျက်ဆီးနိုင်သည်။

**http://guides.eastwestseed.com**

EWSF မှထွက်ရှိသော စိုက်ပျိုးနည်းလမ်းညွှန်များမှ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။@East West Seed Foundation ၏ ၂၀၁၈ မူပိုင်ခွင့်၊
နည်းပညာဆိုင်ရာထောက်ခံချက်များနှင့်ပက်သက်၍ Wageningen University & Research နှင့်အတူ ပူးပေါင်းဆောင်ရွက်သည်။